ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှရရှိသော ဘဏ္ဍာငွေကို ပိုမိုအကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပွဲတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် (အချက်အလက်များသိရှိရန် မိန့်ခွန်း ကောက်နုတ်ချက်မူကြမ်း)

(Draft)

နေပြည်တော်၊ ဇွန်လ (၁၄)ရက်၊ ၂၀၁၉ ခုနှစ်

- ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသည့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးစီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်း၊
- ယခုရေးဆွဲတော့မည့် (၂၀၂၀-၂၀၂၁) ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရန်ပုံငွေ (WHO biennial budget) ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်မန်နေဂျာများသည် ဖြစ်ပေါ်လျက် ရှိသော ကျန်းမာရေးနှင့် ကျန်းမာရေးနှင့်နီးနွယ်နေသော အခြေအနေများကို နောက်ခံထားစဉ်းစား၍ လက်တွေ့ကျပြီး အမှန်တကယ် လုပ်ကိုင်နိုင်မည့် လုပ်ငန်းများကိုသာ ရေးဆွဲစေလိုပါကြောင်း၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှရရှိသည့် ရန်ပုံငွေများသည် ဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးကဏ္ဍ(public health) ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပိုမိုအဆင့်မြင့်ရေး ဆောင် ရွက်ရာ၌ များစွာအထောက် အကူပြုပါကြောင်း၊
- တစ်ချိန်တည်းတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လုပ်ကိုင်လျက်ရှိသည့် စီမံချက် လုပ်ငန်းများကို ဆန်းစစ်သုံးသပ်၍ ပြည်သူများအား ယခုထက်ပိုမိုထိရောက် ၍ အရည်အသွေးမြင့်မားသော ကျန်းမာရေးဝန်ဆောင်မှုများ (Quality Health Care) ကိုပေးနိုင်ရန် လုပ် ဆောင်ရမည် ဖြစ်ပါကြောင်း၊

- ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများသည် လက်တွေ့မြေပြင်၌အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်မှုကို ချောမွေ့စေသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေများမှာ ပြန်လည်ပေးဆပ်ရမည်ဖြစ်သဖြင့် အထူးဂရုစိုက်ပြီး ကြောင်းကျိုးလျော်ညီစွာသုံးသပ်၍ ထိရောက်အောင်သုံးစွဲရမည်ဖြစ်ပါကြောင်း၊
- ဤရန်ပုံငွေနှစ်ရပ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအားလုံးကို မိမိတို့ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားဆောင်ရွက်မှု (sense of ownership) ရှိမှသာလျှင် ရန်ပုံငွေများ အလေအလွင့်နည်းပါးမည် ဖြစ်ပါကြောင်း၊
- ကျန်းမာရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၏ အတွေ့အကြုံနှင့်စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရန်ပုံငွေများစီမံခန့်ခွဲမှုကို ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့ကို အချိုးညီ ၅၀% စီခွဲဝေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနများသို့ ရန်ပုံငွေတိုက်ရိုက်ခွဲဝေချထားပြီး အကောင်အထည်ဖော်ဆောင်ရွက် ခွင့်ပြုစေလိုကြောင်း၊
- ထိုသို့ဆောင်ရွက်ရာတွင် ဗဟိုအဆင့် ကျန်းမာရေးစီမံချက်လုပ်ငန်းအသီးသီးမှ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ နည်းပညာများကို ပံ့ပိုးပေးရန် အရေးကြီးပါကြောင်း၊ လုပ်ငန်း စီမံချက်များ စတင်ရေးဆွဲစဉ်မှ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သည်အထိ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်၊ တိုက်နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးပညာရှင် ဝန်ထမ်းများ၏ ပါဝင်မှုသည် အရေးကြီးပါကြောင်း၊
- လုပ်ငန်းကဏ္ဍနှင့် လုပ်ငန်းသဘာဝနှီးနွှယ်သည့် လုပ်ငန်းများကို စီမံချက်လုပ်ငန်းများ အချင်းချင်း လက်တွဲချိတ်ဆက် ပေါင်းစပ်၍လုပ်မှသာ ဘဏ္ဍာငွေကုန်ကျခံရသလောက် အကျိုးရှိထိရောက် (efficient) မည်ဖြစ်ပါကြောင်း၊

- ဇွန်လ (၁၂) ရက်နေ့နှင့် (၁၃) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် “ကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှိုးနှောဖလှယ်ပွဲ”မှ သုံးသပ်ဆွေးနွေးအကြံပြုချက်များကိုအခြေခံ၍ (၂၀၂၀-၂၀၂၁) ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံချက်လုပ်ငန်း များတွင် ထည့်သွင်းရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊
- လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံချက်လုပ်ငန်းများရေးဆွဲရာ၌ လုပ်ငန်း ဆောင်ရွက်မှုနှင့် အောင်မြင်မှုဆိုင်ရာ လက်တွေ့ကျပြီး သေ့ချက်ကျသည့် အညွှန်းကိန်းအချက် (key performance indicator) များနှင့် စောင့်ကြည့် ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း (monitoring and evaluation) စနစ်ကို တစ်ပါတည်း ထည့်သွင်းရေးဆွဲရမည်ဖြစ်ပြီး ရန်ပုံငွေတွက်ချက်လျာထားရန် လိုအပ်ပါကြောင်း၊
- ကျန်းမာရေးစီမံချက်များရေးဆွဲရာ၌ ကမ္ဘာ့ကျန်းမာရေးညီလာခံ ဆုံးဖြတ်ချက် (resolution) များကို ဆန်းစစ်သုံးသပ်မှုများပြုလုပ်၍ မိမိနိုင်ငံနှင့်ကိုက်ညီပြီး ပြည်သူများအတွက် အကျိုးရှိစေမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွား ရန်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များကို ကျန်းမာရေးစီမံချက် လုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားကြရမည်ဖြစ် ပါကြောင်း၊
- ကျန်းမာရေးစီမံချက်အသီးသီးအနေဖြင့် ကောင်းမွန်တိကျသည့် စာရင်းဇယား ရရှိနိုင်သည့် သတင်းအချက်အလက်စနစ်ဖြစ်စေရန် ဖော်ဆောင်ပြုလုပ်သွား ရမည်ဖြစ်ပြီး နောက်ဆုံးအခြေအနေ သတင်းအချက်အလက်များ (Updated Information) များကို ရရှိနိုင်ရေး အမြဲအသင့်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊
- မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် World Health Survey နှင့် Mental Health Survey ကို ပေါင်းစပ်၍ မကြာမီကောက်ယူတော့မည်ဖြစ်ရာ အခြေခံ

ကျန်းမာရေးဆိုင်ရာ အချက်အလက်များ တိကျစွာရရှိနိုင်၍ ယခင် ကောက်ယူထားသည့် စာရင်းဇယားအချက်အလက်များနှင့် ချိန်ထိုးညှိနှိုင်းကာ (triangulation) ပိုမိုမှန်ကန်တိကျသည့် မဟာဗျူဟာများနှင့် စီမံချက်များ ရေးဆွဲချမှတ် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊

- ထူးခြွန်ဆုရ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုက်နယ်ဆရာဝန်များကိုလည်း သီရိလင်္ကာနိုင်ငံ (သို့မဟုတ်) အခြားသင့်လျော်သည့်နိုင်ငံများသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လေ့လာနိုင်ရန်အတွက် စေလွှတ်သွားမည်ဖြစ်ကြောင်း၊
- ကမ္ဘာ့ကျန်းမာရေးညီလာခံနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အတည်ပြုထုတ်ပြန်ထားသော resolution များ၊ statement များ၊ declaration များကို လေ့လာကြစေလိုပါကြောင်း၊ ပြည်တွင်း/ ပြည်ပဆက်ဆံရေးဌာနခွဲမှ တာဝန်ယူ၍ မိတ္တူကူး ဖြန့်ဝေစေလိုပါကြောင်း၊
- သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့နှင့်သက်ဆိုင်သည့် ကျန်းမာရေးစီမံချက်မန်နေဂျာများ၊ ညွှန်ကြားရေးမှူးနှင့် အပတ်စဉ်တွေ့ဆုံ၍ လုပ်ငန်းများ ယခုထက်ပိုမို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြံဆ လုပ်ဆောင်ကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။